# နောင်တရဲ့ အခြားတစ်ဘက်

မြင့်မြတ်တဲ့ ကမ္ဘာလောကကြီးထဲက လူသားနှစ်ဦးအကြောင်း ရေးဦးစွာ တင်ပြရေးသားလို ပါတယ် . . .။ ယောက်ျားနဲ့ မိန်းမ . . .၊ ဖိုနဲ့ မ ဆွဲငင်အားတွေ အလိုက်သင့် အားကောင်းကြသလို . . . ထို့အတူ အချစ်ဝေဒနာကိုလည်း ချစ်တာခြင်းတူပေမယ့် ခံယူချက်ခြင်း မတူညီဘဲ ပုံစံအမျိုးမျိုးနဲ့ ခံစားတတ်ကြတယ်။

အခုဒီခံစားချက်ကို ကျွန်တော် တင်ပြပါ့မယ် . . . ဒီခံစားချက် (တနည်းအားဖြင့် ဇာတ်လမ်းတစ်ပုဒ်) မှာ သက်ဝေ (ခေါ်) ကိုသက်နှင့် လင်းမက်အိမ် (ခေါ်) အိမ်လေး။ သူတို့နှစ်ဦးရဲ့ ခံစားချက်တွေဟာ အချိန်နှင့် တန်းတူ ကွာခြားနေခဲ့တယ် . . .။ တကယ်တော့ အချစ်ကို နှစ်ဦးသား ကိုးကွယ်၊ အမွှန်းတင်ကြသူတွေပါ . . .။ နားလည်မှု၊ ပေးဆပ်မှု ဆိုတာ နှစ်ဦးသား ချိန်ခွင်ပေါ် တင်ချိန်ကြည့်လို့ ရတာမှ မဟုတ်တာ။ အချစ်ကို အရင်းခံပြီး နားလည် ပေးဆပ်နေကြ သူတွေပေမယ့် မညီမျှတဲ့ ဒီပေးဆပ် နားလည်မှုတွေကြောင့် မကြာခဏ စစ်ပွဲတိုလေးတွေ ဖြစ်ပွားတတ်ကြတယ် . . . (စစ်စကားအရ ပြောရရင် လက်နက်ငယ် အသေးစား တိုက်ပွဲလောက်ပေါ့) သက်ဝေ (ခေါ်) ကိုသက်က အင်မတန် အေးဆေးသူ၊ သူ့တစ်သက်မှာ အိမ်လေးသာ အချစ်ဦး၊ အချစ်ဆုံးပေါ့။ နားလည်၊ ပေးဆပ်မှု ကြီးပေးမယ့် တစ်နည်းအားဖြင့် ပြန်ပြောရရင် ပွင့်ပွင့်လင်းလင်း မရှိဘူး။ ရုပ်ရည်ကတော့ အရုပ်ရှည်၊ မပိန်မဝ၊ အသားညိုပြီး အချောကြီး မဟုတ်ပေမယ့် ကြည့်လို့ကောင်းတဲ့ ယောက်ျားမျိုးပါ . . .။ " အိမ်လေး " ကတော့ အရပ်နည်းနည်း ပုတယ်၊ မျက်လုံးအား အရမ်းကောင်းပြီး ပိုင်းစက်နေတဲ့ မျက်လုံးကို ပိုင်ဆိုင်ပြီး အသားဖြူကာ ချစ်ဖွယ်အပြုံးကို ပိုင်ဆိုင်ထားတယ် . . . စိတ်ကြီးတတ်တယ် . . အချစ်ကြီးတယ် . . . တော်ယုံတန်ယုံကိစ္စလောက်ကို ကိုသက်အပေါ် ခွင့်လွှတ်ပေးတတ်တယ် . . . စိတ်ကောက်ရင်လည်း တစ်ရက်ပဲ။ သဂန်တိုတတ်တာတော့ သူမှ သူပဲ။

ကိုသက် . . . အိမ်လေး စတင် ချစ်ကြိုက်ပုံက ဆန်းပါတယ် . . . အဲ . . တစ်ခု ပြောဖို့ကျန်ခဲ့တယ် . . အိမ်လေးက . . ဗေဒင် ဂါသနာပါတယ်၊ ယုံကြည်တယ် ပညာတတ်ပေမယ့် သူ့ပတ်ဂန်းကျင်ကြောင့် ဆိုမလား . . ဗေဒင်ကိုယုံကြည်သူပေါ့။

ကိုသက် တတိယနှစ် (ဂိဇ္ဇာ) နှင့် ကိုသက် ကျောင်းဆက်မတတ်တော့ဘဲ အလုပ်ထဲ ဝင်ခဲ့သည်။ ကိုသက်မှာ ညီအစ်ကို နှစ်ယောက်တည်း ရှိတယ် . . ကိုသက်ညီက အခုမှ ဆယ်တန်းပဲ ရှိသေးတယ် . . အမေက ဘာအလုပ်မှ မလုပ်ဘဲ ဖခင်က အိုကြီးအိုမနဲ့ Taxi မောင်းနေတာကို မကြည့်ရက်တော့ တာကြောင့် ကိုသက် ကျောင်းဆက်မတတ်ဘဲ အလုပ် ဝင်ခဲ့သည်။

အိမ်လေးက မိဘချမ်းသာတဲ့ အသိုင်းအဝိုင်းက ကြီးပြင်းလာသူဆိုတော့ ဘာမှ မလုပ် စာအုပ်တွေ ဂယ်ဖတ် . . မုန့်စား . . ဗေဒင်မေး တစ်နေ့တစ်နေ့ သူ့အလုပ်က ဒါပဲ . . တစ်ရက်တော့ ကိုသက် အလုပ်ကအပြန် လမ်းတစ်လမ်းမှာ ဖိနပ်ပြတ်နေတဲ့ ကောင်မလေးကို ရုတ်တရက်တွေ့လိုက်တော့ ကိုသက် ဂရုဏာသက်ပြီး ထိုမိန်းကလေး နားကို မရဲတရဲသွားပြီး အနားနီးမှ သူ့ခြေလှမ်းတွေ တန့်သွားကာ ကောင်မလေးကို ကြည့်လိုက်တော့ သူ စိုးရိမ်သွားသည် . . ကိုသက်ကို ကြည့်နေတဲ့ ကောင်မလေးရဲ့ မျက်ဝန်းတွေက စူးရှလွန်း၍ ကိုသက် နားမလည်ပင် ဖြစ်သွားခဲ့ရသည်။ သူမ မျက်ဝန်းတွေက ကိုသက်ကို အကူအညီတောင်းသလို၊ သူမကို လှောင်မှာစိုး၍ ဒေါ်သစိတ်၊ ရှက်စိတ်တို့နှင့် ကြည့်တဲ့ မျက်ဝန်းလိုလို ကိုသက် မဝေခွဲတတ်၊ သူ့ဘဝမှာ ဘယ်လို မိန်းကလေးမျိုးကိုမှ ဒီလောက် ကြာကြာမကြည့်ခဲ့၊ ခုတော့ ကိုသက် မရဲတရဲ ရှေ့ဆက်တိုး သွားပြီး

" ကျွန်တော် ဘာကူညီပေးရမလဲ . . ခင်ဗျား "

သူမရဲ့ ဆွဲဆောင်မှုအား အကောင်းဆုံး မျက်ဝန်းတစ်စုံနှင့် ကိုသက်အား ကြည့်ပြီး

" ဟို . . ကျွန်မ ဖိနပ်ပြတ်သွားလို့ "

" ဟုတ်ကဲ့ . . ကျွန်တော် မြင်ပါတယ် . . ဒါကြောင့် ဘာကူညီပေးရမလဲလို့ ဒီနားကို မရဲတရဲ လာခဲ့တာ "

" ကျွန်မ ဖိနပ် ပြတ်သွားလို့ . . အဲဒါ . . "

" ကျွန်တော် မြင်ပါတယ် . . ဒါကြောင့် ဘာကူညီပေးရမလဲလို့ . . "

" အိုး . . ဖိနပ်ပြတ်ပါတယ် ဆိုမှ "

ပတ်ဂန်းကျင်က ခနက လူရှင်းနေပြီး ခုတော့ လူနည်းနည်း များလာသလို၊ သူတို့ ဘေးက ဖြတ်သွားသူများက ကွက်ကြည့်ကွက်ကြည့်နှင့်။

" ဒါဆို ကျွန်တော် ဘယ်လို ကူညီရလဲ . . ထမ်းသွားရလား . . "

" အိုး "

"ဒါဆို Taxi ငှားပေးရမလား "

ကောင်မလေးက စိတ်မရှည်တော့ဘဲ ခေါင်းညိမ့်ကာ . .

" Taxi ပဲ သွားငှား ပေး . . "

အဲဒီတော့မှ ကိုယ်တော်ချောက  လမ်းထိပ်ကို Taxi ငှားဖို့ အပြေးအလွှားထွက်သွားသည်။ သူလမ်းထိပ်သို့ ရောက်လုဆဲဆဲမှ ကောင်မလေးနားသို့ ပြန်ပြေးလာကာ ကောင်မလေးအား

" Taxi သမားက ဘယ်သွားမလဲ မေးရင် "

သူစကားမဆုံးခင် ကောင်မလေးက အံ့ဩဒေါသတို့နှင့်အတူ

" ရှင် "

ပြီးမှ စိတ်လျှော့ကာ

" လမ်း 50 "

အဲဒီတော့မှ ကိုယ်တော်က လမ်းထိပ်ကို အပြေးအလွှား ပြန်ထွက်သွားသည်။ ခဏအကြာ Taxi တစ်စီးနှင့်အတူ သူပါ ပါလာသည်။ ကောင်မလေးနား Taxi ရပ်တော့ ကောင်မလေးက ဘာမှ မပြောဘဲ နောက်တံခါးဖွင့်ပြီး ဂင်ထိုင်ကာ ဒရိုင်ဘာအား . .

" မောင်းတော့ "

လမ်းတစ်ဂက်နည်းပါးရောက်မှ ကောင်မလေးက . . ရှေ့ခန်းတွင် ငြိမ်ပြီး ထိုင်နေသော သူ့ကိုမြင်မှ

" ရှင်က . . ဘယ်သွားမှ မို့လို့ ကျွန်မငှားတဲ့ ကားပေါ် လိုက်လာတာလဲ "

" ဗျာ . .မသိဘူးလေ .. "

ကောင်မလေး တောက် တစ်ချက်ခေါက်ပြီး ဘာမှ ဆက်မပြောတော့ဘဲ အပြင်သို့သာ ငေးနေလိုက်တော့သည်။ ဒရိုင်ဘာကလည်း သူတို့နှစ်ယောက်ကို ကြည့်ပြီး ပြုံးရယ်ကာ

" လမ်း 50 က အပေါ်လား . . အောက်က "

ကောင်မလေးက ဘယ်သူ့မှ မကြည့်ဘဲ

" ဒီအတိုင်းပဲ မောင်းပါ . . လမ်း 50 ထိပ်ဆို ရပြီ "

ထိုအခါ ငြိမ်နေတဲ့ ကိုသက်က ပြာပြာသလဲ

" မဟုတ်ဘူးလေ . . အိမ်ရှေ့မှာ ရပ်မှ ရမှာပေါ့ "

ကိုသက် စကားကြောင့် ကောင်မလေး သူ့ဖိနပ်ပြတ်တာကို သတိရသွားပြီး

" အော် . . ဟုတ်ကဲ့ . . ဒီ ဗိုလ်ချုပ်လမ်းဘက်ကပဲ ဝင်ပေးပါ . .ကျွန်မ မေ့သွားလို့ "

ကောင်မလေးအိမ်ရှေ့ရောက်တော့ ကားရပ်ခိုင်းပြီး နှစ်ယောက်စလုံး ကားပေါ်က ဆင်းကာ ကောင်မလေးက ကားခပေးပြီး အိမ်ထဲဝင်ဖို့အလုပ် သူ့ကို သတိရပြီး လှည့်ကြည့်တော့ သူကောင်မလေးကို ကျောခိုင်းပြီး လာရာလမ်းအတိုင်း လျှောက်သွား သည်ကို မြင်တော့မှ အူကြောင်ကြောင်လူကို ကျေးဇူးတင်စကား ပြောရမလား၊ စိတ်ပဲ စိုးရမလား ဝေခွဲမရဘဲ အိမ်ထဲဝင်လာခဲ့သည်။

ကိုသက်တစ်ယောက် ကောင်မလေးရဲ့ မျက်ဝန်းတွေကို အစွဲကြီး စွဲမိနေသည်။ ကိုသက် ရုံးဆင်းတိုင်း သူမနှင့် စတွေ့ခဲ့သော လမ်းကသာ ပြန်ခဲ့သည်။ နောက် တစ်ကြိမ်တွေ့ဦးမလားထင်ပြီး ထိုလမ်းက ပြန်တာ အခုဆို တစ်ပတ်လောက် ရှိခဲ့ချေပြီ။

" ဟဲ့ . . ဒါဆို နင် . . အဲဒီ အူကြောင်ကြားနဲ့ ထပ်မတွေ့တော့ဘူးပေါ့ "

" မတွေ့တော့လို့ နင့်ကို ထပ်မပြောတော့ တာပေ့ါ "

အိမ်လေးသည် သူ့ကျောင်းတုန်းက သူငယ်ချင်းတွေကို အိမ်ခေါ်ကာ လဘက်သုတ်ကျွေး၊ တစ်ခုခုလုပ်ကျွေးပြီး၊ တစ်ပတ်တစ်ခါ (သို့) နှစ်ပတ်တစ်ခါ ဆုံနေကြဖြစ်သည်။

" မိနိုင် နင်ရော အဆင်ပြေရဲ့လား "

" ပြေပါတယ် ဟာ . . "

" အခု ငါ့သား တစ်နှစ်ပြည့်လုပ်ဖို့ ကြိုးစားနေရတယ်၊ ငါတို့က ငွေပို၊ ငွေလျှံမရှိတော့ စုရတာပေါ့ ဟယ် "

အိမ်လေး သူ့ သူငယ်ချင်းအစား စိတ်မကောင်းဖြစ်သွားသည်။ သူတို့ တက္ကသိုလ်ကျောင်းတုန်းက အိမ်လေးရယ်၊ မိနိုင်၊ သီတာ သူတို့ သုံးယောက် တစ်တွဲတွဲနှင့်ကျောင်းပြီးတော့ မိနိုင် တစ်ယောက်သာ အိမ်ထောင်ကျသွားသည်။

" နင့်သား အခုမှ တစ်နှစ်သားပဲ ဆိုတော့ . . ငါ မစောင့်ချင်တော့ဘူး "

သီတာ့ စကားကြောင့် အိမ်လေးနှင့် မိနိုင်ရယ်ပြီး၊ မိနိုင်က

" ငါ့သားကို နင့်လို အစားပုတ်နဲ့ မပေးစားနိုင်ပါဘူး . . နင် မျှော်နေလည်း အပိုပဲ "

အားလုံး ပိုင်းရယ်ကြသည်။ အိမ်လေးက မိနိုင်အား

" နင့်သား မွေးနေ့က ဘယ်တော့လဲ "

" နောက်လ လေးရက်နေ့ ဒါပေမယ့် ရုံးပိတ်ရက်ပဲ လုပ်မယ်၊ တစ်ရက်ကြိုစောပြီး တနင်္ဂနွေနေ့ကို လုပ်မယ် "

သီတာ မိနိုင်ကို မေးဖို့ အလုပ် . .  ကြိုသိနေတဲ့ မိနိုင်က

" နင်ဘာမှ မမေးနဲ့ အုန်းနို့ခေါက်ဆွဲပဲ ကျွေးမှာ . . နင်ဘာကျွေးမှာ လဲလို့ မေးမှာမှတ်လား . . ဟင့် . . အစားပဲ . . ကိုယ့်ကိုလည်း ပြန်ကြည့်ဦး "

သီတာ မဲ့ရွဲ့ပြီး မျက်စောင်းထိုးကာ

" နင် . . ငါလှလို့ မနာလို နေတာ မှတ်လား "

သီတာ့ စကားကြောင့် အားလုံးပိုင်းရယ်ကြသည်။

ကိုသက်တစ်ယောက် ဝေဒနာတစ်ခုကို ရင်ဂယ်ပိုက်ပြီး ရုံးဆင်းတိုင်း ရောဂါထလာသည်။ ဒီနေ့တော့ သူ့ခြေလှမ်းတွေက လမ်း 50 ဘက်ကို ဦးတည်နေပြီ။ ကိုသက် လမ်း 50 တွင် လမ်းလျှောက်တာ သုံးခေါက်ရှိပြီဖြစ်သော်လည်း သူမကို မတွေ့ . . . သူမအိမ်က မြေညီထပ်ဆိုပေမယ့် အနက်ရောင် မှန်တံခါး ပိတ်ထားသဖြင့် အထဲကသာ အပြင်ကို မြင်ရမယ် . . အပြင်က အထဲကို မြင်ရဖို့ မလွယ်။ နောက်ဆုံး ကိုသက် သူမအိမ်ရှေ့ တစ်ဖက် ပက်လက်ဖောင်းတွင် ရပ်ကာ ဟိုကြည့်ဒီကြည့်နှင့် ထိုအချိန် အိမ်ခန်းထဲတွင် အိမ်လေးက မဂ္ဂဇင်းကို သဲသဲမဲမဲ ဖတ်နေလျှက် . . ၊ ကိုသက်ကတော့ ဒီနေ့အတွက် စိတ်လျှော့ကာ ပြန်လှည့်လာခဲ့သည်။

ကိုသက်တစ်ယောက် မျက်ဂန်းတစ်စုံကို စွဲလန်းခဲ့တာ တစ်လကျော်သွားခဲ့ပြီ . .

" ကိုသက် . . ဟဲ့ "

" ဟာ . . အစ်မ . . လာလေ "

" အန်တီတို့ရော . ."

" အမေနဲ့ ညီညီက လမ်းထိပ်သွားတယ် . . ဘာဖြစ်လို့လဲ ကိစ္စရှိလို့လား "

" အော် . . ငါ့သား မွေးနေ့ မနက်ဖြန် ဘုန်းကြီးဆွမ်းကပ်တယ် . . အဲဒါ လာဖိတ်တာ . . နင်တို့ပါ လာခဲ့နော် "

" ဘယ်နှစ်လပြည့်လဲ "

" ဟဲ့ . . တစ်နှစ်ပြည့်လေ . . ဒါနဲ့ နင် ကျောင်းမတတ်တော့ဘူးဆို "

ကိုသက်ခေါင်းကုတ်ပြီး မျက်နှာ ညှိုးသွားကာ

" ဟုတ်တယ် . . အစ်မ အဖေတစ်ယောက်တည်း ကားမောင်းရတဲ့ စရိတ်နဲ့ အဆင်မပြေဘူး၊ ဒါကြောင့် မတတ်တော့တာ၊ နောင်နှစ်တော့ အဝေးသင် ပြောင်းယူမယ်"

" အေးပေါ့ . . ဒါလည်း ကောင်းပါတယ် . . ကဲ ငါလည်း ပြန်မယ် . . အန်တီနဲ့ ဦးကို ပြောလိုက်နော် နင်ရော ညီညီပါ လာခဲ့ "

မနက်မိုးလင်းတော့ အဖေနှင့် အမေ အာရုဏ်ဆွမ်းကပ် အမီ သွားကျသည်။ ကိုသက်နှင့် ညီညီက အေးအေး ဆေးဆေးပင် ကိုသက်လည်း အလုပ်ပိတ်ရက်မို့ ကိုးနာရီကျော်မှ နိုးသည်။

" ညီညီ မင်းလိုက်မယ် မလား "

" မလိုက်ချင်ဘူးကိုကြီး . . ကိုကြီးသာသွား . . ညီ အုန်းနို့ခေါက်ဆွဲလဲ မကြိုက်ဘူး လမ်းထိပ် လက်ဘက်ရည်ဆိုင်ထိုင်ပြီး လက်ဘက်ရည်တစ်ခွက်ကို ဇိမ်ရှိရှိသောက်တာမှ မိုက်ဦးမယ် "

ထိုအချိန်မှာ သူ့အဖေနှင့် အမေ ပြန်ရောက်လာကြသည်။ သူ့အမေက

" ဟဲ့ . . ကိုသက်၊ ညီညီ နင်တို့ကို လွှတ်လိုက်ဖို့ စောကို မှာလိုက်တယ် "

" အမေ့သားက မလိုက်ဘူးတဲ့ "

" ညီညီ မလိုက်လဲ သားပဲ သွားလိုက်ပေ့ါ "

" ဟုတ်ကဲ့ "

" ဟဲ့ . . ကိုသက် လာ . . ညီညီရော "

သူအိမ်ထဲဝင်တော့ စားပွဲသုံးဝိုင်းလုံး ပြည့်နေသည်။ ဘယ်ထိုင်ရမှန်းမသိ ရှက်လာသည်။ မမိမိနိုင် ယောက်ျား ကိုစောကို ရောက်လာပြီး

" ညီညီ မပါဘူးလား "

ကိုသက်ကို ပုခုံးဖက်ကာ စားပွဲဝိုင်းတစ်ဝိုင်းနားသို့ ခေါ်လာရင်း မေးသဖြင့်

" မပါဘူး . . ဒီကောင်က လက်ဘက်ရည် သမားလေ "

" ကဲ . . ဒီဝိုင်းမှာပဲ ထိုင်လိုက် . . ဒါ မိနိုင် သူငယ်ချင်းတွေ " ဟု ပြောပြီး ထွက်သွားသည်။ သူ ပထမ ဘယ်သူ့မှ မကြည့်ဘဲ ဝင်ထိုင်ပြီး ဝိုင်းကို အကဲခတ်လိုက်မှ

" ဟင် . . "

အိမ်လေးကလည်း သူဝင်လာထိုင်တာကို သတိမထားမိဘဲ အုန်းနို့ခေါက်ဆွဲ စားရင်း သူ့ကို တစ်ယောက်ယောက် ကြည့်နေသလို ခံစားရသဖြင့် မော့ကြည့်လိုက်တော့

" ရှင် "

သူမ အသံမထွက်ပေမယ့် ပါးစပ်လှုပ်သွားခဲ့သည်။ ဒါကို ကိုသက်ကလည်း သူ့ကို မှတ်မိတယ် ဆိုသဖြင့် အပြုံးနှင့် နှုတ်ဆက်လိုက်သည်။ အိမ်လေးလဲ ပြုံးပြပြီးကာမှ . . အုန်းနို့ခေါက်ဆွဲကို ဆက်စားရမှာ ရှက်နေမိသည်။

" ဟဲ့ . . ကိုသက် ထည့်စားလေ . . ဟဲ့ . . အိမ်လေး ထပ်ထည့်ဦးလေ "

မမိနိုင် ပြောပြီး ထထွက်သွားပြန်သည်။ ကိုသက်နှင့် အိမ်လေး တစ်ယောက်နှင့် တစ်ယောက် အကြည့်ခြင်းဆုံတိုင်း နှစ်ယောက်စလုံးရှက်ကာ ခေါင်းငုံစားလိုက် လုပ်နေသည်ကို ဘေးတွင် ငြိမ်ငြိမ်လေး ငုံစားနေသည့် သီတာ ရိပ်မိသွားသည်။ သီတာလည်း သိသိချည်းနှင့် မသိဟန်ဆောင်ပြီး ငြိမ်နေလိုက်ကာ အကဲခပ်နေလိုက်သည်။

" အိမ်လေး . . နင်ငါ့ကို မှန်မှန်ပြောစမ်း . . ငါ့ ညီမက နင်ကို တွေ့ခဲ့တယ် တဲ့ . ."

" ငါ့ကို တွေ့တာ ဘာဆန်းလဲ . .သီတာရယ် "

" အရင်က မဆန်းပေမယ့် အခု ဆန်းတယ် . . နင့်ဘေးမှာ ကောင်လေး တစ်ယောက်နဲ့ဆို . . ဘယ်သူလဲ . . ငါတို့ကိုတောင် အသိမပေးဘူး "

အိမ်လေးမျက်နှာ အရိပ်တစ်မျိုး ပြောင်းလဲသွားသည်။ သီတာကို တစ်ချက်ကြည့်ပြီး မပြုံးတစ်ပြုံး မျက်နှာနှင့် ခေါင်းတစ်ချက်ငြိမ့်ပြီး . .

" နင်တို့ သိပါတယ် . . ငါ ဖိနပ်ပြတ်တုန်းကရယ် . . မိနိုင်သား မွေးနေ့မှာ သူနဲ့ တွေ့တာ။ နောက် သူက မိနိုင်ဆီက ငါ့ဖုန်းနံပါတ် ရသွားပြီး . . ငါ့ဆီဖုန်းဆက် ဆက်နေတာ . . အခုမှ ပြန်တွေ့တာဆိုရင် လေးငါးကြိမ်လောက်ပဲ ရှိသေးတယ် "

အိမ်လေးစကားကြောင့် သီတာ့ မျက်လုံးတွေ အရောင်ထွက်လာသလို၊ သူမ မသိလိုက်ဘဲ ဒီအခြေအနေ ရောက်နေတာကို မကြေနပ်သဖြင့်

" အမလေး . . ငါးကြိမ်တောင် ရှိပြီ . . နင် အဖြေပေးလိုက်ပြီလား "

အိမ်လေး ခေါင်းရမ်းပြပြီး . .

" သူနဲ့ငါ ဒီနေ့ ညနေ ချိန်းထားတယ် . . သူ့ကို စမ်းချောင်းက ဆရာမဆီ ခေါ်သွားမယ် . . ပြီးရင် ရန်ကင်းက ဆရာမဆီလဲ သွားဦးမယ် "

သီတာ သက်ပြင်းချပြီး . . မနိုင်တော့ဘူး ဟူသော မျက်နှာမျိုးနှင့်

" မိနိုင် နင်တို့အကြောင်း သိလား "

" အင်း "

အိမ်လေး သီတာ ပြန်သွားပြီးနောက် ရေမိုးချိုးပြီး သူမရဲ့အလှကို အလှဆုံး ဖြစ်အောင် ပြင်ဆင်ပြီး လမ်းထိပ်သို့ ထွက်လာခဲ့သည်။ လမ်းထိပ်ရောက်တာနဲ့ တစ်ဖက် ပလက်ဖောင်းမှ ကိုသက် သူမဆီကို လမ်းကူး လာသည်။

" အိမ်လေး "

" ရှင် . . စောင့်နေရတာ ကြာသွားပြီလား "

ကိုသက် အိမ်လေးမျက်နှာကို စေ့စေ့ စိုက်ကြည့်ပြီး မကြာသေးပါဘူး ဟူသော ပုံမျိုးနှင့် ခေါင်းရမ်းပြခါ

" အခု ဘယ်သွားမှာလဲ . . ဖုန်းထဲမှာ ပြောတော့ သွားစရာ ရှိတယ်ဆို "

" အင်း . . ရန်ကင်း အရင်သွားမယ် "

ကိုသက်နှင့် အိမ်လေး ရန်ကင်းမှ ဆရာမဆီမှာ အိမ်လေး စိတ်ကြိုက် ဗေဒင် မေးသည်။ ဇာတာရှင် နှစ်ယောက်လုံး လိုက်ဖက်တယ်တဲ့။ ဆရာမဆီမှ ထိုစကား ကြားတော့ အိမ်လေးမျက်နှာ အပြုံးများဖြင့် ကိုသက်ကို ခေါင်းလေးစောင်းပြီး ကြည့်ခါ ဆရာမ ပြောသည့်အတိုင်း ယတြာချေရန်အတွက် ရွှေတိဂုံစေတီသို့ ထွက်လာခဲ့သည်။

ကိုသက်စိတ်ထဲမှာလဲ အိမ်လေးနှင့် တွဲသွားနေရတာကို စိတ်ထဲ ကြည်နူးနေသလို အိမ်လေးမှာလဲ လန်းဆမ်းသောအပြုံးနှင့် ရွှေတိဂုံစေတီအရှေ့ဘက်မုခ်ဈေးတွင် ပန်းသီး တစ်လုံးဝယ်လိုက်သည်။ စေတီပေါ်သို့ တက်ပြီး စေတီအား တစ်ပါတ်ပါတ်ခါ

ဘုရားကန်တော့ပြီး ညောင်ပင်ကြီးအောက်တွင် အိမ်လေး ဆုတောင်းကာ ပန်းသီးကို ကိုသက်အား အရင်စားစေသည်။ ကိုသက် စားပြီး သူမစားလိုက်၊ ကိုသက် စားလိုက်နှင့် တခဏအတွင်း ပန်းသီးတစ်လုံး ကုန်သွားသည်။

" ကိုသက် စားပြီးရင် ဆုတောင်းလေ "

" ဘာ ဆု တောင်းရမှာလဲ . . "

"ကိုသက်နော် အိမ်လေးကို စိတ်တိုအောင် မလုပ်နဲ့ "

ကိုသက်ရယ်ပြီး လက်အုပ်ချီ ဆုတောင်းခါ ဘုရားပေါ်မှ အတူ ဆင်းလာခဲ့ကြသည်။ နောက်နှစ်ရက် အကြာတွင် ပန်းသီးရဲ့ တန်ခိုးကြောင့် ချစ်ကြိုက်သွားကြသည်။ ကိုသက်နှင့် အိမ်လေးလည်း ညနေတိုင်းလိုလို တွေ့ဖြစ်ကြသည်။ ကိုသက်က အိမ်လေးအတွက် ဘာမဆို ဖြည့်ဆီးပေးသည်။ အိမ်လေးကလဲ ကိုသက်ရဲ့ ယုယမှုအောက်တွင် သာယာရင်း အချစ်တွေက ပိုပြီး ခိုင်မာလာကြသည်။

" မောင်လေး . . ကိုသက် . . မမချယ်ရီနဲ့ ဒီနေ့ ဘဏ်ကို လိုက်ခဲဦးနော် "

" မမချယ်ရီ . . ကျွန်တော် ဒီနေ့ စာရင်းတွေ . . "

ကိုသက် စကားမဆုံးခင် မမချယ်ရီက

" ကိစ္စမရှိဘူး . . ဂါဂါ နဲ့ အပ်ခဲ့လိုက် . . "

ကိုသက် . . စိတ်ရှုပ်စွာနဲ့ မျက်မှောင်ကြီးကိုသာ ကုပ်ချထားမိသည်။ ဘေးက ဂါဂါနှင့် စန္ဒာတို့က ပြုံးမဲ့မဲ့ဖြင့် နေကြသည်။ မမချယ်ရီဆိုတာ ဒီရုံးမှာ အရေးပါသူ ငွေစာရင်း မန်နေဂျာ . . ကိုသက်ကို အထူးအခွင့်အရေး ပေးသူ၊ ကိုသက် အရင်က ဆက်ဆံရေး အဆင်ပြေအောင် အလိုက်အထိုက် ဆက်ဆံခဲ့ပေမယ့် မမချယ်ရီက ဒါကို တစ်မျိုးတစ်ဖုံ မြင်လား မသိ သူမဘက်က ထပ်၍ ဆက်ဆံရေးတိုးခဲ့သဖြင့် ကိုသက် စိတ်ရှုပ်စရာတွေ ဖြစ်လာခဲ့သည်။

အိမ်လေးက မမချယ်ရီနှင့် ကိုသက် ဘဏ်ကို ခဏခဏသွားတာ အခွန်ရုံးသွားတာ တွေကို ကိုယ်တိုင်လဲ မြင်တွေ့ဘူးသလို တဆင့်စကား တဆင့်ကြားရသဖြင့် မမချယ်ရီနှင့်

မပတ်သက်ရန် အမိန့်ထုတ်ထားသည်။ သို့သော် ကိုသက် အခုလည်း ဘာမှ မငြင်းသာဘဲ တိတ်ဆိတ်နေရပြန်သည်။ ကိုသက် တစ်ယောက် စဉ်းစားကာ သက်ပြင်း သဲ့သဲ့ချပြီး အိမ်လေးကို အကျိုးအကြောင်း ကြိုပြောထားရင် ကောင်းမယ်ဟု တွေးကာ ဖုန်းဆက် သံတော်ဦး တင်လိုက်ကာမှ

" မလိုချင်ဘူး . . ခဏနေ အိမ်လေး လာခဲ့မယ် . . ကိုသက် ဘယ်မှမသွားနဲ့ . . ဒါပဲ"

ကိုသက် ဘာဆက်လုပ်ရမှန်းမသိ . . ခဏအကြာ မမချယ်ရီက သွားမယ်ဆိုတော့ ကိုသက် အိမ်လေးဆီ ဖုန်းထပ်ဆက်တော့ . . အခုပဲ ထွက်သွားပြီတဲ့။ လေးလံတဲ့ ခြေလှမ်းတွေနဲ့ ကိုသက် မမချယ်ရီ ကားပေါ် တက်လိုက်လာ ခဲ့သည်။

" ကိုသက် . . နင်တို့ ဘာဖြစ်ကျပြန်တာလဲ . . ဒီမှာ နင့်ကို အိမ်လေး ပစ္စည်းတွေ လာပြန်ပေးသွားတယ် "

" ဟင် . . "

မမိနိုင် အိမ်ပေါ် ကိုသက် တတ်ကြည့်တော့ . . ကိုသက် အိမ်လေးကို လက်ဆောင် ပေးထားတဲ့ ပစ္စည်းတွေ . .

" အိမ်လေး နေ့လည်က လာသွားတယ် . . ငိုလည်း ငို . . သူပြောချင်တာတွေ ပြောပြီး . . ဒါတွေကို နင့် ပြန်ပေးလိုက်တဲ့ "

ဒီလိုနဲ့ ကိုသက် အရှုံးတစ်ပိုင်းဖြစ်ကာ အိမ်လေးဆီ ဖုန်းဆက်တော့ ဖုန်းလိုင်းဖြတ် ထားသည်။ အိမ်ရွှေ့သွားတော့လဲ . . အိမ်လေး အရိပ်တောင် မတွေ့ရတော့။ ရက်တွေ ကြာလာတော့ ကိုသက် နေမရ ထိုင်မရ ဖြစ်လာသည်။ အိမ်လေးနဲ့သူ အရင်က စကားများရင် တစ်ရက်ပဲ အခုတော့ ရက်ပေါင်းများစွာ အိမ်လေးနဲ့ မတွေ့ရ၊ စကားမပြောရ ကိုသက်တစ်ယောက် ပြာယာခပ်နေခဲ့သည်။ တစ်ရက်တော့ အမှတ်မထင် အိမ်လေး ဈေးက ပြန်လာတာနဲ့ သွားတွေ့သည်။ ကိုသက် အားရဝမ်းသာဖြင့်

" အိမ်လေး "

" ဟင် . . ကိုသက် "

" ကိုသက် တောင်းပန်ပါတယ် . . အိမ်လေးရယ်  . . ကိုသက်ကို နားလည် ပေးပါ "

အိမ်လေးက ကိုသက်ကို တောက်ပတဲ့ မျက်လုံးများနဲ့ စိုက်ကြည့်ပြီး မျက်ရည်များ ဝဲလာကာ . .

" ကိုသက် . . ရှင် ကျွန်မကို ဆက်ဒုက္ခ မပေးပါနဲ့တော့ "

" အိမ်လေးရယ် . . ကို အခု အဲဒီ အလုပ်က ထွက်တော့မယ် . . ချက်ချင်း မထွက်နိုင်တာက  . . ကိုသက်တို့ ဝမ်းရေးအတွက်ပါ . . တစ်ခြား အလုပ်ရတာနဲ့ ပြောင်းပဲ့မယ် "

" ရှင်ပြောင်းတော့ရော . . အဲဒီ မိန်းမနဲ့ အဆက်ဖြတ်မှာ မို့လို့လား "

" ကို့ မေတ္တာကို မစော်ကားပါနဲ့လား . . အိမ်လေး "

" ဘာ မေတ္တာလဲ လူရှင်တော်လား . . ဟင့် . . ချစ်သူတစ်ယောက်လုံး လာပဲ့မယ် ဆိုတာတောင် မစောင့်နိုင်ဘူး၊ ဟိုမိန်းမနဲ့ ကောက်ကောက်ပါအောင် လိုက်သွားပြီး . . အိုး . တော်ပြီ ရှင်နဲ့ စကားဆက် မပြောချင်တော့ဘူး "

" အိမ်လေး . . ကိုယ် ဘာဆက်လုပ်ရမလဲ "

အိမ်လေး အဝေးရောက်မှ ကိုသက် အမေးကို လှည့်မကြည့်ဘဲ မဆိုင်းမငံ့ ပြန်ဖြေလိုက်သည်။

" လဲ သေလိုက် "

" အင် "

ကိုသက် သူ့ရဲ့ ဇျူဟာကို ပြောင်းပြီး မသီတာ၊ မမိနိုင်တို့ကို နားပူအောင် သွားပြောသည်။ ကြာတော့ မနားမခံနိုင်သဖြင့် မသီတာနဲ့ မမိနိုင် အိမ်လေးဆီ သွားပြီး ပြောတော့ ကြာကြာ မပြောရပါ။ အိမ်လေး ရင်ထဲမှာ ဦးဆုံး ပထမဆုံး နေရာယူထားတာ ကိုသက်တစ်ယောက်ပဲ ရှိတယ် . . ကိုသက် အိမ်ရှေ့မှာ လာရပ်နေတိုင်း အိမ်လေး အိမ်ထဲက ခိုးကြည့်ပြီး ကျေနပ်နေသူ၊ ကိုသက် အလုပ်ပြောင်းမယ်ဆိုကတည်းက အိမ်လေး စိတ်ပြေနေခဲ့ပြီ။ ဒါပေမယ့် မှတ်လောက်အောင် လွှတ်ထားသော်လည်း အခုလို သီတာတို့ မိနိုင်တို့ အခုမှ လာရလားလို့ စိတ်ထဲ ကြိတ် စိတ်ဆိုးမိသေးသည်။ ဒီညတော့ ကိုသက်

သူမဆီ ဖုန်းဆက်ပြီး လွမ်းကြောင်း၊ အလုပ်ထွက်ဖို့ ပြင်ဆင်နေကြောင်း၊ သတိရကြောင်း နောက်ဆုံးတော့ ပြန်အသက်ဝင်သွားခဲ့ကြသည်။

နောက်ပိုင်းတော့ ပြဿနာ ကြီးကြီး မရှိတော့ . . အသေးအဖွဲ အချိန်နောက်ကျတာ လေးလောက်ပဲ ရှိတော့တယ်။ ကိုသက်က အလုပ်ထွက်ဖို့ လုပ်တော့ ကိုသက် မန်နေဂျာက သုံးနှစ်စာချုပ်ကြောင့် သုံးနှစ်ပြည့်မှ ထွက်ခွင့်ရမယ်တဲ့၊ လတ်တလော ထွက်ချင်ရင် အလျော်ပေးရမယ်တဲ့။ ထိုကိစ္စကြောင့် ကိုသက် စိတ်ဆင်းရဲရသေးသည်။ ဒါပေမယ့် ချစ်သူ အိမ်လေးက မမချယ်ရီနှင့် မပတ်သက်ရင် ကျေနပ်ပြီတဲ့၊ ကိုသက် ဂမ်းသာပေမယ့် ခဏတာ အချိန်လေးပဲ . .

တစ်ရက်တော့ မမချယ်ရီနဲ့ ကိုသက် ဘဏ်ကိစ္စအပြီး အပြန် ရုံးချုပ်ကို ခဏဝင်တော့ ကုမ္ပဏီသူဌေးက မင်္ဂလာပွဲတစ်ခုအတွက် သူ့အစား မချယ်ရီနဲ့ ကိုသက်ကို သွားခိုင်းသည်။ ကိုသက် မလိုက်ချင်ပါ။ သူဌေးကိုယ်တိုင်က လိုလိုချင်ချင်

" မောင်သက်ဝေပါ . . ချယ်ရီနဲ့ အဖော်လိုက်သွား ပေးလိုက်ပါ . . ဒီနေ့အတွက် ချယ်ရီတို့ နှစ်ယောက်စလုံး နားလို့ ရပြီ . . "

သူဌေးက မင်္ဂလာပွဲအတွက် ပြင်ဆင်ပြီး သွားဖို့ အလုပ် ဆက်မတတ်ခိုင်းတာ ဖြစ်သည်။ မင်္ဂလာပွဲက ညနေဆိုပေမယ့် အိမ်လေးနဲ့ တွေ့ဖို့ချိန်းထားသေးသည်။ ကိုသက် အတွေးထဲ အိမ်လေးကို ပြောဖို့ လုပ်သေးသည်။ အရင်တစ်ခါလို ဖြစ်မှာစိုးပြီး မပြောရင် သိမှာ မဟုတ်ဘူးဆိုတဲ့ အတွေးနဲ့ မပြောဘဲ တိတ်တဆိပ်ပဲ . . မမချယ်ရီနဲ့ ကိုသက် မင်္ဂလာပွဲကို တတ်ခဲ့သည်။

ကိုသက် အိပ်ရာထဲလှဲရင်း ညနေက သွားခဲ့တဲ့ မင်္ဂလာပွဲအကြောင်း တွေးရင်း စိတ်ထိခိုက်နေရသည်။ အလုပ်ကလဲ ထွက်လို့မရ . . မမချယ်ရီက သူ့အပေါ် ဆက်ဆံတာ လွန်ကဲလွန်းတယ် . . အိမ်လေးနဲ့ ပတ်သက်တဲ့ သူတစ်ယောက်ယောက်သာ မြင်သွားရင် ဒုက္ခပဲ . . ကိုသက် စိတ်တွေ လေးလံ နေခဲ့ရသည်။ ဒီအတိုင်းဆက်နေရင် . . အိမ်လေးနှင့် ပြဿနာ ထပ်ဖြစ်ဖို့ပဲ ရှိတော့မယ်။

အဲဒီနောက်ပိုင်း ကိုသက် အိမ်လေးကို ပိုပြီး ဂရုစိုက်ခဲ့တယ် . . မမချယ်ရီနဲ့ ဝေးနိုင် သမျှ ဝေးအောင် လုပ်ပေမယ့် ထင်သလောက် အဆင်မပြေခဲ့ . .

" ကိုသက် . . ဟိုမိန်းမနဲ့ ကင်းကင်းနေရဲ့လား . . အိမ်လေးကတော့ နေ့တိုင်း မနက် ကိုးနာရီကနေစပြီး ညနေ ငါးနာရီကျော်အထိ စိတ်ဆင်းရဲနေရတာ၊ ဟိုမိန်းမနဲ့ ဘယ်များ သွားနေမလဲ၊ အိမ်လေးကိုရော သတိရရဲ့လား၊ ဘဏ်ကိစ္စကနေ တခြား ဘယ်များသွားနေမလဲ . . ကိုသက်ကများ အဲဒီ မိန်းမဘက် ပါသွားမလား . . ဟိုမိန်းမက အသက်သာကြီးတယ် . . ပြင်ဆင်ထားတာများ ကောင်မလေးတွေကတောင် အရှုံးပေးရမယ် . . ဒါမျိုးဆို ယောကျ်ားတွေကလည်း ငန်းငန်းတက် . . နှာဘူးတွေ "

" ဟာ . . အိမ်လေးကလဲ "

" ဘာလဲ . . မဟုတ်ဘူးလား "

အိမ်လေးက မျက်စောင်းထိုးရင် ကိုသက် ပုခုံးကို တစ်ချက် ရိုက်ပြီး

" အဲဒီ ငန်းငန်းတက် တွေထဲမှာ ကိုသက် မပါစေနဲ့ . . ဘာသံညာသံ ကြားလို့ ကတော့ ဒီဘဝ ဒီမျှပဲ "

ပြတ်သားတဲ့ အိမ်လေးရဲ့ စကားသံကို . . ကိုသက်နားထဲ စွဲသွားအောင် အိမ်လေး ပြောလိုက်သလိုပင် ကိုသက် ခံစားလိုက်ရသည်။

ဒီလိုနဲ့ ကိုသက်နှင့်အိမ်လေး ဘဝတစ်ခုတည်ဆောက်ဖို့ အိမ်လေးဘက်က စတင် လိုက်သည်။ ငွေကြေးကြောင့် ကိုသက်က မင်္ဂလာပွဲလုပ်ရင် ကြီးကြီးကျယ်ကျယ် မလုပ် ချင်ကြောင်း အဆိုတင်သွင်းတော့ အိမ်လေးက ထို အဆိုတင်သွင်းခြင်းကို ဂုန်းပမ်းတသာ ထောက်ခံလိုက်သည်။

နှစ်ဦးသဘောတူ သွားကြပြီးနောက် နှစ်ဘက်မိဘ အသိပေးရေးကိစ္စမှာ အိမ်လေး ဘက်က ကြံ့ကြာနေရသည်။ အိမ်လေး သူ့မိဘတွေကို ပြောရမှာ ပြောမထွက် ကိုသက် ကတော့ ဖွင့်ပြောပြီးပြီ . .

ကံကြမ္မာဆိုတာ လေမုန်တိုင်း တစ်ခုလိုပဲ ထင်တယ် . . ကံကြမ္မာကို ဘယ်သူမှ မမြင်နိုင် မသိနိုင်ကြဘူး . . လေမုန်တိုင်းကိုတော့ တိုးတက်နေတဲ့ ယနေ့ ကမ္ဘာ့ ကြီးက

အလွယ်တကူ သိနိုင်တယ် . . သူ့ရဲ့လမ်းကြောင်းကိုလည်း ကြိုတင် ခန့်မှန်းနိုင်တယ် . . ဒါပေမယ့် ကိုသက်နဲ့ အိမ်လေးရဲ့ ကံကြမ္မာက . . .

ကိုသက် ရုံးတွင် အလုပ်လုပ်နေတုန်း

" ကိုသက်ဝေ . . မနက်က . . ကိုသက်ဝေ အတွက် . . ဒါလေးလာထည့်သွားတယ် "

စာအိတ်အညိုကြီး တစ်အိတ်နဲ့ စာအိတ်ပေါ်မှာ

သို့

သက်ဝေ

နောင်တရဲ့ အခြားတစ်ဖက်

မည်သူမည်ဂါ ပေးသွားမှန်း မသိ . . ဒါကြောင့်

" ဒါ ဘယ်သူ လာပေးသွားတာလဲ "

" မသိဘူး စာတိုက်ပုံးထဲ ထည့်ထားတာ "

ရုံးစာရေးမလေး ပြောပြီး ထွက်သွားမှ ကိုသက် စာအိတ်ကို ဖွင့်ကြည့်လိုက်တော့ CD တစ်ချပ်၊ အိတ်ထဲထပ်ရှာတော့ ဘာမှ မတွေ့ . . ကိုသက် စဉ်းစားရ ခက်သွားပြီး ဘာခွေလဲလို့ သိချင်တာနဲ့ ကွန်ပျူတာထဲ ဖွင့်ကြည့်တော့ ကိုသက် ကွန်ပျူတာက Video File မရှိတော့ ဖွင့်လို့မရ။ ဒါကြောင့် အားတိုင်း သီချင်းခွေ ကြည့်ကြည့်နေတဲ့ စန္ဒာ စားပွဲသွားပြီး ဖွင့်လိုက်တော့ . .

" ဟင် "

မင်္ဂလာဆောင်ခွေ . . ကိုသက် ထိုမင်္ဂလာဆောင် ခွေထဲမှ သတို့သား၊ သတို့သမီးကို မြင်တော့ အံ့သြသွားသည်။ စဉ်းစားလို့လဲမရ ဒီခွေကို ဘာကိစ္စသူ့ဆီပို့ရတာလဲ . . ဘယ်သူ ပို့တာလဲ . . ကိုသက် တွေးရင်း CD ကို ကျော်ကြည့်ရင်း တစ်နေရာအရောက် မမချယ်ရီက ကိုသက်လက်မောင်းကို ကိုင်ပြီး မင်္ဂလာခန်းမထဲ ဝင်လာသည့်ပုံ . . ကိုသက် ခေါင်းထဲ

အတွေးတစ်ခု ချက်ခြင်း ရောက်လာပြီး မမချယ်ရီ ရုံးခန်းဂကို ကြည့်လိုက်တော့ မမချယ်ရီ ရှိတယ် . . ကိုသက် မမချယ်ရီ ရှိရာသို့ သွားပြီး

" မမချယ်ရီ . . ဒီ CD ခွေက မမချယ်ရီ ကျွန်တော့်ကို ပေးတာလား "

စာရင်းတွေ ငုံ့ကြည့်နေတဲ့ မမချယ်ရီက နားမလည်သည့်ပုံစံနှင့် ကိုသက်ကို မျက်လုံးပြူးကြည့်ပြီးမှ ပြုံးရယ်ကာ

" ဘာ ခွေမို့လဲ . . ကိုသက်ရဲ့ "

" ကျွန်တော် မေးတာသာ ဖြေပါ . . ဒီခွေကို မမချယ်ရီ ပေးတာလား "

" မမချယ်ရီ ဘာမှ နားမလည်ဘူး . . ဘာအခွေမို့လို့ အဲဒီလောက် အသည်းအသံ ဖြစ်နေတာလဲ . . ကိုသက်လေးရဲ့ "

ကိုသက် မမချယ်ရီ အခန်းထဲက ထွက်လာပြီး သူ့စားပွဲတွင် ထိုင်မည်အလုပ် ဖုန်းမြည်လာသည်။ ကိုသက် ဖုန်းကို ကိုင်ပြီး နား နားကပ်လိုက်သည်နှင့်

" ကွန်ကရက်ကျူလေးရှင်း ကိုသက်ဂေ "

အသံကြားလိုက်သည်နှင့် ဘယ်သူဘယ်ဂါဆိုတာ သိလိုက်ပြီ

" အိမ်လေး "

" ဒီနာမည်ကို ရှင် ဒီတစ်သက် ခေါ်ဖို့ မစဉ်းစားနဲ့တော့ ရှင့်လို အောက်တန်းကျတဲ့ ယောက်ျားမျိုးကို ကျွန်မ . . လင်တော်မိတော့မလို့ ရှင်းကို ချစ်ခဲ့မိလို့ ကျွန်မ တော်တော် နောင်တရသွားပြီ . . ရှင့်ကို ကျွန်မ ပြောခဲ့ဘူးတယ် မဟုတ်လား . . အခုတော့ ရှင်တို့ အရှက်မရှိ ပျော်မြူးနေတဲ့ ပုံတွေမြင်တော့ ကျွန်မ နောင်တတွေလဲ ရခဲ့ပြီ၊ ကျွန်မ ရှင်နဲ့ အဂေးဆုံး အခြားတစ်ဖက်မှာ ကိုယ့်ဘဂကို ကိုယ်ဖန်တီးတော့မယ် . . ရှင်လဲ နေချင်သလို နေပါ . . နောက် ကျွန်မနဲ့ လုံးဂ လာမပတ်သက် ပါနဲ့တော့ . . ဒီဘဂ ဒီမျှပါပဲ . . ကိုသက်ဂေ "

တစ်ဘက်မှ ဖုန်းချသွားသော်လည်း ဖုန်းခွက်ကို ကိုင်ပြီး အရုပ်ကြိုးပြတ်သလို ငိုင်ပြီး ဘယ်လိုမှ ထိန်းမရတော့တဲ့ သူ့ရဲ့ မျက်ဂန်းထဲမှ မျက်ရည်များ စီးကျလာသည်။ တစ်ရုံးလုံး

သူ့ကို နားမလည်စွာ ကြည့်နေကြသည်။ ပြီးမှ သူ သတိရပြီး တသွင်သွင်စီးကျနေတဲ့ မျက်ရည်များကို သုတ်ကာ ရုံးခန်းထဲမှ သူထွက်လာခဲ့သည်။

ကိုသက် သူ့ သူဌေးဆီ တိုက်ရိုက်သွားပြီး အလုပ်ထွက်စာ တင်လိုက်သည်။ သူ့အကြောင်းကိုလည်း တစ်စိတ်တစ်ပိုင်း ရှင်းပြတော့ သူဌေးက နားလည်စွာပင် ထွက်ခွင့်ပြုလိုက်သည်။ အလုပ်ထွက်ပြီး အသည်းကွဲတယ်ဆိုတာ ဘာမှ မသိတဲ့ ကိုသက် တစ်ယောက် ပြတ်သားလှတဲ့ အိမ်လေးရဲ့စကားတွေ ပြန်လည် ကြားယောင်နေမိသည်။ ဒီလိုနဲ့ အချိန်တွေ တစ်ရက်ပြီး တစ်ရက် ကုန်သွားခဲ့သည်။

ကိုသက်တစ်ယောက် သတင်းစာထဲက အိမ်လေးရဲ့ စေ့စပ်ကြောင်းလမ်းပြီးစီးခြင်းကို ကြည့်ပြီးနောက် မျက်ရည်များစွာကို အဖော်ပြုရင်း အိမ်လေးရယ် . . ကိုယ်တို့နှစ်ယောက် လုံးဂ မထင်မှတ်ထားတဲ့ အနာဂတ်တစ်ခုထဲမှာ ကိုယ်တို့ နှစ်ယောက် မမျှော်လင့်ဘဲ ကျောခိုင်းသွားကြရပြီ . . ကိုယ်လဲ အိမ်လေးလိုပဲ " နောင်တရဲ့ အခြားတစ်ဘက် " မှာ ကိုယ်တစ်ယောက်တည်း အိမ်လေးလိုတော့ ကိုယ့်ဘဂကို ကိုယ်ဖန်တီးနိုင်စွမ်း မရှိတော့ဘူး . . အိမ်လေးရယ် . .

ကိုသက် နားထဲမှာ အဆက်မပျက် အိမ်လေးရဲ့ အသံကို စွဲမြဲစွာ ကြားနေရသည်။

" ဒီဘဂ ဒီမျှပဲ "

" အိမ်လေး "

ကိုသက် ကယောင်ကတမ်း အော်ခေါ် နေမိတော့သည်။

နေနိုင်

15.10.2009